# မဟာဗျူဟာစီမံကိန်း ၂၀၁၉ → ၂၀၂၀ → ၂၀၂၂



## မျှော်မှန်းချက်

စစ်မှန်ခိုင်မာသော ဒီမိုကရေစီစနစ်တည်ဆောက်နိုင်ရေးအတွက် ရွေးကောက်ပွဲများကို လွတ်လပ်၍တရားမျှတပြီး တူညီသော အခွင့်အရေးဖြင့် ဘက်လိုက်ခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာ ကျင်းပပေးခြင်းဖြင့် အများယုံကြည်လက်ခံလာစေရန်။

## တာဝန်

ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အခွင့်အာဏာအရ လွတ်လပ်၍ တရားမျှတသော ဘက်မလိုက်သည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲအဆင့်ဆင့်မှ အဖွဲ့ဝင်များ၏ စွမ်းဆောင်မှု အရည်အသွေး မြှင့်တင်ပေး ခြင်း၊ ပြည့်စုံမှန်ကန်သော မဲစာရင်းများပြုစုခြင်း၊ မဲဆန္ဒရှင်များအား ပညာပေးခြင်း၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု ဆောင်ရွက်ရမည်။ သက်ဆိုင်ရာဝန်ကြီးဌာနများကို လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက်ပံ့ပိုး ကူညီပေးရန် ညှိနှိုင်း ဆောင်ရွက်ရမည်။

## မဟာဗျူဟာစီမံကိန်း (၁)

**ဥပဒေရေးရာမူဘောင်နှင့် လွှတ်တော်ဆက်ဆံရေး**

ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများကိုပြန်လည်သုံးသပ်သည့် ဆွေးနွေးပွဲများမှရလဒ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အကြံပြုချက်များအပေါ်အခြေခံ၍ ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများကိုပြင်ဆင်ရေးသားပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရန် သက်ဆိုင်ရာလွှတ်တော်သို့ အဆိုပြုတင်ပြခြင်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ နားလည်သဘောပေါက်စေရန်နှင့် အလွယ်တကူ ရရှိစေ ရန်။



## မဟာဗျူဟာစီမံကိန်း (၂)

**ဝန်ထမ်းများ၏ ကျွမ်းကျင်မှုစွမ်းရည် မြှင့်တင်ဆောင်ရွက်ရေး**

စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ကြုံတွေ့ရမည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရန်နှင့် ကော်မရှင်၏စွမ်းဆောင်ရည်အားကောင်းစေရေးအတွက် ဝန်ထမ်းများ၏ကျွမ်းကျင်မှုစွမ်းရည်ကို မြှင့်တင် ပေးရန်။



## မဟာဗျူဟာစီမံကိန်း (၃)

**ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း**

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရန်နှင့် ပိုမိုတိကျမှန်ကန်စေရန် ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်များပူးပေါင်းပါဝင်လာစေရေးအတွက် နိုင်ငံ ရေးပါတီများနှင့် မီဒီယာများ၏ ပူးပေါင်းဆောင်ရွက်မှုရယူခြင်း၊ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာ ရင်းရရှိစေရန် ကနဦးမဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာချိန်တွင် မဲဆန္ဒရှင်များမှ လာရောက်ကြည့်ရှု၍ လိုအပ်သောပြင်ဆင်ချက်များဆောင်ရွက်စေခြင်း၊ ပိုမိုပြည့်စုံ မှန်ကန် သည့် မဲဆန္ဒရှင်စာရင်းဖြစ်စေရေး အတွက် နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသော အချက်အလက်များ ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ခြင်း။



## မဟာဗျူဟာစီမံကိန်း (၄)

**ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ**

အများယုံကြည်လက်ခံသည့် တိကျမှန်ကန်သော ရွေးကောက်ပွဲလုပ်ငန်းစဉ်များဖြစ်စေရေး ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်းသောအဖွဲ့အစည်းများ၊ မဲဆန္ဒရှင်များ အလွယ်တကူ သိရှိနားလည်နိုင်စေရန်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုရှင်းလင်းစွာချမှတ် ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းများကို ထိရောက်စွာနှင့် ငြိမ်းချမ်းစွာစီမံခန့်ခွဲခြင်းနှင့် အစီအစဉ်ချမှတ်ခြင်း များအတွက် အဖွဲ့အစည်းတစ်ခု လုံး၏ စွမ်းရည်ကို မြှင့်တင်တည်ဆောက်ခြင်း။



## မဟာဗျူဟာစီမံကိန်း (၅)

**ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း**

နိုင်ငံသားအားလုံးအား ပြည်သူလူထုနှင့်မဲဆန္ဒရှင်အသိပညာပေး အစီအစဉ်များမှ တစ်ဆင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအကြောင်း သိရှိနားလည်သဘောပေါက်မှု ပိုမိုတိုးတက်လာစေရေးနှင့် ပါဝင်ဆောင်ရွက်မှုများ တိုးမြှင့်ရေး။




## မဟာဗျူဟာစီမံကိန်း (၆)

**ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများ၊ တိုင်ကြားမှုများနှင့် ကန့်ကွက်မှုများကို ဖြေရှင်းခြင်း**

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပေါ်ပေါက်လာနိုင်သည့် မဲဆန္ဒရှင်စာရင်းနှင့် စပ်လျဉ်း၍ တိုင်ကြားခြင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ တိုင်ကြားခြင်း၊ မဲဆွယ်စည်းရုံးရေးကာလတွင် ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ဖြစ်ပွားနိုင်သော အငြင်းပွားမှုများနှင့် ရွေးကောက်ပွဲရလဒ်များအား ကန့်ကွက်လွှာတင်သွင်းခြင်းများကို ထိရောက်မျှတ၍ ပွင့်လင်းမြင်သာစွာ ဖြေရှင်းဆောင်ရွက်ခြင်း






## မဟာဗျူဟာစီမံကိန်း (၇)

**ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့်ဆက်ဆံခြင်း**


မဟာဗျူဟာကျသည့် ဆက်ဆံရေးမှတစ်ဆင့် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရေး ကိုတိုးမြှင့် ခြင်းအားဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ယုံကြည်မှုတည်ဆောက်ပြီး ပွင့်လင်း မြင်သာမှုကိုမြှင့်တင်ရန်၊



## မဟာဗျူဟာစီမံကိန်း (၈)

**အားလုံးပါဝင်ဆောင်ရွက်မှု မြှင့်တင်ခြင်း**

အခက်အခဲများ၊ ခွဲခြားဆက်ဆံခြင်းများကို လျော့နည်းပပျောက်စေခြင်းဖြင့် ကျား/မအားလုံး၊ တိုင်းရင်း သားလူမျိုးများ၊ မသန်စွမ်းများနှင့် ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင်တန်းတူညီမျှပါဝင်နိုင်ရေး ဆောင်ရွက်ရန်။



## လိုက်နာဆောင်ရွက်မည့် အခြေခံမူများ

လွတ်လပ်၍အမှီအခိုကင်းခြင်း

တရားမျှတခြင်း

ပွင့်လင်းမြင်သာမှုရှိခြင်း

တာဝန်ခံ၊ တာဝန်ယူစိတ်ဖြင့် ဆောင်ရွက်ခြင်း

တီထွင်ကြံဆတွေးခေါ်ခြင်း


ပြည်သူများ၏ ယုံကြည်ကိုးစားမှုရှိခြင်း

ဂုဏ်သိက္ခာပြည့်ဝခြင်း

## မဟာဗျူဟာစီမံကိန်း (၉)

**နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းနှင့် မဲဆွယ်စည်းရုံးရေးအသုံးစရိတ်**

နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်စေရန်၊ မဲဆွယ်စည်းရုံးရေးနှင့် ရွေးကောက်ပွဲ ဆိုင်ရာ အသုံးစရိတ်များ တန်းတူညီမျှဖြစ်စေရန်၊



## မဟာဗျူဟာစီမံကိန်း (၁၀)

**ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း**

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းလုပ်ငန်းစဉ်အား ပိုမိုခိုင်မာအားကောင်းစေခြင်းဖြင့် ရွေးကောက်ပွဲ၏ပွင့်လင်းမြင်သာမှုနှင့် အများယုံကြည်လက်ခံနိုင်မှု မြှင့်တင်ရန်



## မဟာဗျူဟာစီမံကိန်း (၁၁)

**စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း**

မဟာဗျူဟာအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို ပုံမှန်စောင့်ကြည့် ရန်၊ မဟာဗျူဟာ လုပ်ဆောင်ချက်များကို စိစစ်သုံးသပ်၍ လိုအပ်ပါက ပြင်ဆင်မွမ်းမံနိုင်ရေး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရန်နှင့် မဟာဗျူဟာစီမံကိန်းအောင်မြင်စေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှပါဝင်သည့် ရွေးကောက်ပွဲဆိုင်ရာ အရင်းအမြစ်များကို စနစ်တကျဖွဲ့စည်းရန်၊





*ရှင်းလင်းချက် – ယခုမဟာဗျူဟာစီမံကိန်းရည်ရွယ်ချက်များသည် ၂၀၁၈ ခုနှစ် ဇွန်လ(၁)ရက်နေ့မတိုင်မီ မူကြမ်းအနေဖြင့်ပြုစုထားခြင်းဖြစ်ပါသည်။ အပြီးသတ်စီမံကိန်းအနေဖြင့် မှတ်ယူရန်မဆိုလိုပါ။*